ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
မြန်မာနိုင်ငံတော်ဗဟိုဘဏ်

ရက်စွဲ၊ ၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလ ၁၅ ရက်

**ညွှန်ကြားချက်အမှတ် (၂/၂၀၁၉)**

အကြောင်းအရာ။ **ပြည်တွင်းဘဏ်များအား စုစုပေါင်းချေးငွေ (Total Loan Portfolio) ၏ ၅% ကို သက်တမ်း (၃) နှစ်ထက်ပိုသည့် အိမ်ရာချေးငွေ (Housing Loan) များ ထုတ်ချေးခွင့်ပြုခြင်းကိစ္စ**

၁။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်သည် ၂၄-၁၁-၂၀၁၇ ရက်စွဲပါ ညွှန်ကြားချက်အမှတ် (၇/၂၀၁၇) ဖြင့် ဘဏ်များအား (၃) နှစ်ထက်မပိုသော ကာလသတ်မှတ်ချက်ချေးငွေ (Term Loan) များကို ထုတ်ချေးခွင့်ပြုခဲ့ပါသည်။

၂။ ဘဏ်များ၏ ချေးငွေဈေးကွက်ချဲ့ထွင်နိုင်ရန် နှင့် ပြည်သူများအတွက် အိမ်ရာပိုင်ဆိုင်မှု အခွင့်အလမ်းများ ပိုမိုကောင်းမွန်လာစေရန်အတွက် မြန်မာနိုင်ငံတော်ဗဟိုဘဏ်သည် ချေးငွေ သက်တမ်း (၃) နှစ်ထက်ပိုသော အိမ်ရာချေးငွေများ ထုတ်ချေးခြင်းကို ဘဏ်၏ စုစုပေါင်းချေးငွေ (Total Loan Portfolio) ၏ ၅% အထိ ခွင့်ပြုလိုက်သည်။

၃။ ဘဏ်များအနေဖြင့် စုစုပေါင်းချေးငွေ (Total Loan Portfolio) ၏ ၅% အတွင်း အိမ်ရာ ချေးငွေမှအပ သက်တမ်း (၃) နှစ်ထက်ပိုသည့် အခြားသောချေးငွေများကို ထုတ်ချေးလိုပါက ချေးငွေထုတ်ချေးခြင်းဆိုင်ရာကိစ္စရပ်နှင့် စည်းကမ်းချက်များ (Terms and Conditions) ကို ဖော်ပြ၍ ကိစ္စရပ်တစ်ခုချင်းအလိုက် မြန်မာနိုင်ငံတော်ဗဟိုဘဏ်သို့တင်ပြပြီး ခွင့်ပြုချက်ရယူ ရမည်။

(ပုံ)xxxxxxxxx
(စိုးသိန်း)
ဒုတိယဥက္ကဋ္ဌ

**ဖြန့်ဝေခြင်း**

နိုင်ငံပိုင်ဘဏ်များ

ပုဂ္ဂလိကဘဏ်များ

မိတ္တူကို
ရုံးလက်ခံ/မျှောစာတွဲ